ပူင်ကွံန်အီပိုန်တအာင်း
**Palaung Women's Organization**
ပလောင်(တအာင်း) အမျိုးသမီးအစည်းအရုံး
*P.O Box 98, Mae Sot, Tak Province 63110, Office Tel: 055546606, Email: <pwotaang@gmail.com>*

**ကွတ်ခိုင်တိုက်ပွဲများ ပြင်းထန်မှုကြောင့် ရွာသူ၊ သားများ ပြည်တွင်းဒုက္ခသည်အဖြစ်** ထွက်ပြေးနေကြရ

၂၀၊ ဇွန်လ၊ ၂၀၁၃ခုနှစ်

ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ငေါ့ငါ့ကျေးရွာမှာ (၁၈-၆-၂၀၁၃)တွင် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် တပ်ရင်း (၁၁၂) နှင့် ကွမ်လုံမြို့ရှိ မြန်မာအစိုးရစစ်တပ် ခလရ (၁၄၅) တပ်ရင်းတို့သည် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နစ်ဖက် တိုက်ပွဲများပြင်းထန်သဖြင့် ငေါ့ငါ့ကျေးရွာနှင့် အခြားကျေးရွာမှ ရွာသူ ရွာသားများ ခန့်မှန်းခြေ (၁၀၀)ကျော် ထွက်ပြေးနေရသည်ဟု သိရှိရသည်။

**ဒေသခံတစ်ဦး၏ ပြောပြချက်အရ** "မနေ့က တိုက်ပွဲဖြစ်ပွားတဲ့နောက် ငေါ့ငါ့ကျေးရွာ (၅၆)ယောက် အပါအဝင် အခြားရွာတွေမှာရှိတဲ့ ရွာသူရွာသား ခန့်မှန်းခြေ စုစုပေါင်း (၁၀၀)ကျော်ကျော် ရှိမယ်၊ သူတို့က ရွာကနေ ထွက်ပြေးသွားကြတယ်၊ တချို့တော့ မိုင်းယုရွာဘက် ပြေးသွားတယ်၊ တချို့ကျတော့ တောင်ယာဘက်မှာ ပြေးသွားတယ်၊ တချို့တော့လည်း နီးစပ်ရာ ကျေးရွာတွေမှာ သွားနေနေကြတယ်၊ " ဟု ပြောသည်။

ထို့အပြင် ကွမ်လုံအစိုးရတပ် ခလရ (၁၄၅) တပ်ရင်းမှ တပ်သားများသည် ထွက်ပြေးသွားသော ရွာသူရွာသားများမှ ပိတ်ထားသော ဆိုင်ခန်း (၆)ခန်းကို ရိုက်ခွဲ၊ ထိုးဖောက်ကာ ပစ္စည်းများယူ ဆောင်သွားသည်။ ဆိုင်ခန်းမှ ရရှိသော ပစ္စည်းတန်းဖိုးသည် ခန့်မှန်းခြေ သိန်းပေါင်း (၂၀) ကျော်ပါသွားသည်။

**T.N.L.A မှ အရာရှိတစ်ဦး၏ ပြောပြချက်အရ** " တိုက်ပွဲတွေကတော့ ဖြစ်နေတုန်းပဲ၊ မြန်မာ တပ်ဖွဲ့တပ်ရင်း (၁၄၅) နဲ့ ကျနော်တို့ တပ်ရင်း (၁၁၂)တို့က (၁၈)ရက်မှာ (၂)ကြိမ်၊ (၁၉) ရက်နေ့မှာ တစ်ခါ၊ (၃)ကြိမ်တောင် ဆက်တိုက်ဖြစ်တယ်ဆိုတော့ ရွာသားတွေလည်း ကြောက်ပြီး ထွက်ပြေးကုန်တယ်။ ရွာသားတွေကို ထိတာတော့ မရှိပါဘူး။ မြန်မာတပ်ဖက်က (၄)ယောက် သေတယ်၊ (၃၀)ကျော်လောက် ဒဏ်ရာရတယ်၊ သူတို့ကို ကား (၂)စီးနဲ့ ခေါ်သွားတယ်။ သူတို့ တပ်တွေ အကုန်လုံးက နောက်မဆုတ်သေးဘူးဆိုတော့ နည်းနည်းတော့ စိုးရိမ်ရသေးတယ် အဲဒါကြောင့် ရွာသားတွေလည်း ပြေးနေကြတုန်းပဲ"ဟု ပြောသည်။

ဆက်သွယ်ရန်
(+၈၆) ၁၄၇ ၈၇၃ ၇၀၆ ၃၇
(+၈၆) ၈ ၂၁ ၆၄၈၁ ၁၅

**သတင်းနှင့်မှတ်တမ်းသုတေသနဌာန**
**ပလောင်အမျိုးသမီးအစည်းအရုံး**